# Assistance Association for Political Prisoners (AAPP)
## နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း


## ဖမ်းဆီးခံရပြီးနောက် ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကျဆုံးခဲ့သူများ

ရက်စွဲ - ၁၁-ဇွန်-၂၀၂၂

အာဏာသိမ်း စစ်အုပ်စုသည် ၂၀၂၁ ခုနှစ် ဖေဖေါ်ဝါရီ ၁ ရက်နေ့မှစပြီး ရွေးကောက်ခံ နိုင်ငံ့ခေါင်းဆောင် များအပါအဝင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ပြည်သူများကို နေ့စဉ်နှင့်အမျှ နည်းအမျိုးမျိုးဖြင့် ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။ ထိုသို့ မတရားဖမ်းဆီးပြီး နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်သဖြင့် အချို့မှာ ကိုယ်လက်အင်္ဂါ ချို့ယွင်းသူများရှိသလို အချို့မှာ အသက်သေဆုံးသည်အထိ နှိပ်စက် ညှဉ်းပန်းမှုများလည်း ရှိခဲ့သည်။

စစ်အာဏာရှင် အဆက်ဆက်သည် ပြည်သူများအား အကြောက်တရားဖြင့် လွှမ်းမိုးစေရန် အထူး ရည်ရွယ်ချက်ဖြင့် နှိပ်စက်ညှဉ်းပန်းမှုကို မူဝါဒများချမှတ် လုပ်ဆောင်ခဲ့သည်။ စစ်အစိုးရများလက်ထက် စစ်ကြောရေးစခန်းများသည် လူမဆန်သော ညှဉ်းပန်းနှိပ်စက်မှု စခန်းများအဖြစ် နာမည်ဆိုးနှင့် ကျော်ကြား ခဲ့သည်။ ၁၉၈၈ နောက်ပိုင်း စစ်အုပ်ချုပ်ရေးကာလတွင် စစ်အစိုးရဆန့်ကျင်သူ ထောင်ပေါင်းများစွာကို ဖမ်းဆီးထောင်ချခဲ့သည်။ နဝတ၊ နအဖ အုပ်ချုပ်ရေးကာလတွင် စစ်ကြောရေးစခန်း၊ အကျဉ်းထောင်၊ ရဲဘက် စခန်းများတွင် ညှဉ်းပန်းနှိပ်စက်မှု၊ ဆေးဝါးကုသမှု မရရှိမှုတို့ကြောင့် ကျဆုံးသူ (၁၂၇)ဦး ၏ အချက်အလက် များအား AAPP မှ ကောက်ယူ မှတ်တမ်းတင်ထားခဲ့သည်။

ယခု အာဏာသိမ်းစစ်အုပ်စုသည်လည်း ထိုကဲ့သို့ညှဉ်းပန်းနှိပ်စက်မှုကို မူဝါဒအဖြစ် ဆက်လက် ချမှတ် ကျင့်သုံးလျက် ရှိသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက်ပိုင်း စစ်အုပ်စုမှ ဖမ်းဆီးသွားပြီး နှိပ်စက်ညှဉ်းပန်းမှုများကို ပြင်းထန်စွာ ပြုလုပ်သည်ကို တွေ့ရသည်။ ဖမ်းဆီးရာတွင်လည်း ရိုက်နှက် ဖမ်းဆီးခြင်း၊ ကားဖြင့် ဝင်တိုက်ဖမ်းဆီးခြင်း၊ သေနတ်ဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် များစွာသော စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားသူများမှာ ပြင်းထန်သော ဒဏ်ရာဒဏ်ချက်များဖြင့် ဖမ်းဆီးခြင်း ခံကြရသည်။ အချို့မှာ ဖမ်းဆီးပြီးနောက် ပင်ကိုယ်ရုပ်ကိုပင် မမှတ်မိနိုင်လောက်အောင် ဒဏ်ရာများရရှိထားကြသည်။ ထိုနှိပ်စက်ညှဉ်းပန်းထားသည့် ဓာတ်ပုံများကိုပင် စစ်အုပ်စုမှ ထိန်းချုပ်ထားသော ရုပ်သံအပါအဝင် မီဒီယာအချို့တွင်ဖေါ်ပြခဲ့သည်။ ဖမ်းဆီးခံအချို့မှာ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်းနှင့်အသက်သေဆုံးမှုများလည်း ရှိခဲ့သည်။

စစ်အုပ်စုမှ ဖမ်းဆီးသွားပြီး နောက်တစ်ရက်တွင် အသက်မဲ့ခန္ဓာကိုယ်အား လာယူရန် မိသားစုများထံ အကြောင်းကြားသည့် ဖြစ်စဉ်များ၊ အချို့မှာ အသက်မဲ့ ခန္ဓာကိုယ်ပင် ပြန်မရဘဲ သေဆုံးကြောင်း အကြောင်း ကြားသည့် ဖြစ်စဉ်များမှာ မြန်မာ

Email : info@aappb.org

နိုင်ငံအနှံ့တွင် ရှိခဲ့သည်။ ထိုကဲ့သို့ အသက်သေသည်အထိ ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခြင်းသည် အကြမ်းဖက်လုပ်ရပ်မျှသာ မဟုတ်ဘဲ လူမဆန်စွာ ပြုမူခြင်း၏ အထွဋ်အထိပ်ပင် ဖြစ်သည်။ ထို့ပြင် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုနှင့် နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ဆောင်လေ့ရှိသော နည်းနာ တစ်ခုပင်ဖြစ်သည်။

AAPP မှ ကောက်ယူ စုဆောင်းထားသည့် မှတ်တမ်းများအရ စစ်အုပ်စု အာဏာသိမ်းချိန်မှာ ယနေ့အထိ ဖမ်းဆီးခြင်းခံနေရသူ ၅၉၆၅ ဦးရှိသည်။ ထိုအထဲမှ ၄၈၀၄ ဦးမှာ အကျဉ်းထောင်နှင့် စစ်ကြောရေး စခန်းများတွင် ဆက်လက်ဖမ်းဆီး ချုပ်နှောင်ခြင်းခံထားရဆဲဖြစ်သည်။ အသက်သေဆုံးသူပေါင်း အနည်းဆုံး ၈၆၀ ဦး ရှိခဲ့ကာ ဖမ်းဆီးခံရပြီးနောက် ပြင်းထန်သည့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် အသက်ဆုံးရှုံးသွားခဲ့ရသူ (၂၂) ဦးရှိသည်။ ထို အထဲမှ (၃) ဦးမှာ မိသားစုမှ အလောင်းပြန်ယူခွင့် မရခဲ့ပေ။

ထိုကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှုခံရပြီးနောက် သေဆုံးရသည့် အရေအတွက်မှာ ယခုထက် ပိုမိုများပြားမည် ဖြစ်သည်။ ထိုကျဆုံးသူ ၂၂ တွင် ၁၃ ဦးမှာ ဖမ်းဆီးခံရပြီး ၂၄ နာရီအတွင်း သေဆုံးခဲ့ရသူများဖြစ်ပြီး၊ ၄ ဦးမှာ ၂ ရက် အတွင်း သေဆုံးခဲ့ရသူများဖြစ်သည်။ ၄ ဦးမှာ ရက်သတ္တတစ်ပတ်အတွင်း သေဆုံးခဲ့ရပြီး၊ ၁ ဦးမှာ ရက်သတ္တနှစ်ပတ်အတွင်း သေဆုံးခဲ့ရသည်။ ကြည့်ရှုခွင့်ရခဲ့သည့် သေဆုံးသူအားလုံးနီးပါးတွင် နှိပ်စက်ညှဉ်းပန်းမှုကြောင့် ရုပ်အလောင်းတွင် နေရာအနှံ့ကြီးမားသော ဒဏ်ရာဒဏ်ချက်များ တွေ့ရသည်။ သို့သော်လည်း စစ်အုပ်စုကမူ ရောဂါတစ်ခုခုဖြင့် သေဆုံးသွားကြောင်းသာ ထုတ်ပြန်ခဲ့သည်။

ဦးအေးကို (၄၀ နှစ်) သည် မတ်လ ၂၇ ရက်နေ့တွင် မန္တလေးမြို့ တံတားဦးဘုန်းကြီးကျောင်း ရှေ့တွင် ဆန္ဒပြသူများအား ပစ်ခတ်ရာတွင် သေနတ်ထိမှန်ခဲ့ပြီး ထိုသူအား စစ်သားများက မီးလောင်နေသော ကားတာယာပုံထဲသို့ အတင်း တွန်းသွင်းခြင်းခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ မျက်မြင်သက်သေများ၏ ပြောပြချက်အရ အတင်းတွန်းသွင်းချိန်တွင် ဦးအေးကိုမှာ အသက်မသေသေးပဲ ဒယီးဒယိုင်ဖြင့် လမ်းလျှောက်နေဆဲဖြစ်သည်ဟု သိရှိရသည်။

ဦးကျော်ကျော် (ခ) အဂ္ဂမိုးညို (၃၉ နှစ်) သည် ဖမ်းဆီးပြီး မတ်လ ၁၅ ရက်နေ့တွင် ဖမ်းဆီးခံရပြီး ၃၀ ရက်နေ့တွင် သေဆုံးခဲ့သည်။ သူ၏ ရုပ်အလောင်းကို မိသားစုမှ ပြန်ယူခွင့်၊ သင်္ဂြိုလ်ခွင့်မရခဲ့ပါ

ဒေါ်ခင်မာလာဝင်း (ခ) မျိုးမျိုးလွင်(၃၉) နှစ်သည် မတ်လ ၁၉ ရက်နေ့တွင် ပခုက္ကူမြို့ဖြိုခွဲမှုတွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ သူမသည် မဖမ်းဖို့ ဒူးထောက်တောင်းပန်ခဲ့သော်လည်း အတင်းချုပ်နှောင် ဖမ်းဆီး သွားခဲ့သည်။ ဖမ်းဆီးခံရပြီးနောက်တရက်တွင် မိသားစုအား အလောင်းလာယူရန် အကြောင်းကြားခဲ့သည်။

ဦးဇော်မြတ်လင်း(၄၆)နှစ်သည် ၎င်းနေထိုင်ရာ ရွှေပြည်သာမြို့နယ်တွင် ဖမ်းဆီးခြင်းခံရပြီး ထိုညတွင်ပင် သေဆုံးသွားခဲ့သည်။ သူ၏ရုပ်အလောင်းကို ကြည့်ရှုခွင့်ရခဲ့သူ ပြောပြချက်အရ ဦးခေါင်းတခုလုံးနှင့် ပါးစပ်များနှင့် ခန္ဓာကိုယ်တခုလုံးတွင် ရုပ်ပျက်လောက်အောင် ဒဏ်ရာ ဒဏ်ချက်များ တွေ့ရှိရသည်ဟု သိရှိရသည်။

Email : info@aappb.org

နှိပ်စက်ညှဉ်းပန်းမှုဆိုသည်ကို မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံဘဲ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေ များကလည်း ပြင်းထန်စွာ တားမြစ်ထားခဲ့သည်။

မြန်မာနိုင်ငံ ပြည်တွင်းဥပဒေများတွင် နှိပ်စက်ညှဉ်းပန်းမှုကို တားမြစ်ထားသည်။ နာကျင်စေမှုနှင့် ပြင်းထန်စွာနာကျင်စေမှုဟူ၍ မြန်မာနိုင်ငံ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၁၉ နှင့် ၃၂၀ တို့တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် ပုဒ်မ ၃၃၀ နှင့် ၃၃၁ ဖြင့် ဥပဒေအရ အစိုးရဝန်ထမ်း မည်သူမဆို စုံစမ်းစစ်ဆေးနေစဉ်အတွင်း နာကျင်စေမှုနှင့် ပြင်းထန်သော နာကျင်စေမှုကို တားမြစ်ထားသည်။ ပုဒ်မ ၁၆၆ အရလည်း ပြည်သူ့ဝန်ထမ်းများသည် မည်သူ့ကို မဆို ထိခိုက်နစ်နာစေရန် ရည်ရွယ်ပြုလုပ်ပါက ထောင်ဒဏ် ၁ နှစ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ပြစ်ဒဏ် နှစ်ခုပေါင်း ကျခံစေရမည်ဟု ပါရှိသည်။

အသက်သေသည်အထိ နှိပ်စက်ညှဉ်းပန်းပြုလုပ်ပါက အထက်ပါအမှုအပြင် လူသေမှု၊ လူသတ်မှု စသည့် ရာဇဝတ်မှုများ ကျူးလွန်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင် အကျဉ်းထောင်ဥပဒေပုဒ်မ ၄၉ တွင်လည်း မည်သူမျှ ဥပဒေအရ သတ်မှတ်ထားသော ပြစ်ဒဏ်နည်းလမ်းများထက် ကျော်လွန်ပြီး ထိန်းသိမ်းခံများကို အပြစ်မပေးနိုင်ဟု ပြဋ္ဌာန်းထားသည်။

နိုင်ငံတကာဥပဒေအရလည်း နှိပ်စက်ညှဉ်းပန်းခြင်းကို တားမြစ်သည့် နိုင်ငံတကာ စာချုပ် အများအပြား ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ နှိပ်စက်ညှဉ်းပန်းမှုကို မည်သည့်အခြေအနေတွင်မဆို မည်သည့်အကြောင်းပြချက်ဖြင့်မှ မလုပ်ဆောင်ရန် လုံးဝ တားမြစ်ထားသည်။

**နှိပ်စက်ညှဉ်းပန်းမှုကို တားမြစ်ထားသော နိုင်ငံတကာစာချုပ်အချို့မှာ_**

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၃၊
- ပြည့်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) အပိုဒ် (၇)၊
- ကုလသမဂ္ဂ နှိပ်စက်ညှဉ်းပန်းမှု ဆန့်ကျင်ရေးသဘောတူစာချုပ် (UNCAT) ဟု လူသိများသော၊ လူသားများအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားသော ရက်စက်ကြမ်းကြုတ် လူမဆန်စွာ လူ့ဂုဏ် သိက္ခာ ပျက်ယွင်းစေသော ဆက်ဆံခံရမှုနှင့် အပြစ်ပေးမှု ဆန့်ကျင်ရေး နိုင်ငံတကာ သဘောတူ စာချုပ် တို့ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ နှိပ်စက် ညှဉ်းပန်းမှုဆန့်ကျင်ရေး သဘောတူစာချုပ်ကို လက်မှတ်ထိုးရန် ငြင်းဆန်သော လက်တစ်ဆုပ်စာ နိုင်ငံများထဲမှ တစ်နိုင်ငံ အပါအဝင်ဖြစ်သည်။ မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) အနေဖြင့် ထိုသို့ ရက်စက်ကြမ်းကြုတ်စွာ တရားမဲ့ နှိပ်စက် ညှဉ်းပန်း၍ သတ်ဖြတ်နေမှုများကို ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချလိုက်သည်။ နိုင်ငံ တကာအသိုင်းအဝိုင်းအနေဖြင့်လည်း ထိုကဲ့သို့ အသက်သေဆုံးသည်အထိ နှိပ်စက် ညှဉ်းပန်းမှုများအား ထပ်မံမဖြစ်ပွားစေရေးအတွက် ဟန့်တားနိုင်သည့် အရေးယူ ဆောင်ရွက်မှုများကို အမြန်ဆုံးထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေး ပါရန် တောင်းဆိုလိုက်ပါသည်။

**Email : info@aappb.org**